ဝန်ရင်း
Read on the move

# ဝဋ္ဋရဲလား

အိပ်မက်ကြယ်

# အခန်း(၁)

"ဖြန်း..."

"အ..."

"မှတ်ထား... နောက်တစ်ခါ ငါ့ကို ပြန်ပြောကြည့်စမ်း... ပါးနှစ်ဖက်လုံးကို ပုပ်အောင် ရိုက်ပစ်မယ် ကြားလား..."

"ဟုတ်... ဟုတ်ကဲ့ မမ..."

"ဒီကောင်မက အမှတ်ကို မရှိဘူး... ပြောလိုက်ရင် ဘာမှ မသိသလိုလို... လူရှေ့ သူရှေ့ ရောက်ရင် ကိုယ်တွေကပဲ သူ့ကို အနိုင်ကျင့် နှိပ်စက်နေသလိုလို... တောက်... ကောင်မ လူပါးဝတယ်..."

ခါးထောက်ကာ သူမကို ပက်ပက်စက်စက် ပြောနေတဲ့ မမနေခြည်ကို သူမ ဘာမှ ပြန်မပြောရဲခဲ့။ ပါးမှာ နာကျင်လွန်းပြီး မျက်လုံးတွေ ကျိန်းစပ် နေတာကိုပဲ ခံစားနေရသည် ။

"အခုရော ဘာဖြစ်ရတာလဲ သမီး..."

သူမ ကြမ်းပြင်ပေါ်မှာ လဲကျ နေပေမဲ့ ဘယ်သူကမှ လာမထူခဲ့။ မမနေခြည်ရဲ့ အမေ ဒေါ်သန္တာကလည်း သူမကို မျက်စောင်းထိုးကာ မမနေခြည်ကို မေးနေလေသည် ။

"ဘာဖြစ်ရမှာ လဲ... သူ့ကို ဈေးကို တစ်ခါလောက် ခေါ်သွားမိပါတ

ယ်... သူများ အပြောအဆို ခံလိုက်ရတယ်..."

"ဟင်... ဘယ်လို ဖြစ်ရတာလဲ... "

ဒေါ်သန္တာ သမီးဖြစ်သူ နေခြည်ဦးကို ကြည့်လိုက်ကာ မေးလိုက်ပြီး ခုံပေါ်မှာ ပြန်ထိုင်လိုက်၏။

နေခြည့် အကြည့်တွေက သူမဆီသို့ ရောက်သွားကာ

"သမီးက ကြက်ဥ ဝယ်နေလို့ သူ့ကို ကန်စွန်းရွက်လေး သွားဝယ်ပေးပါ ဆိုတာကို မသွားရဲဘူး လုပ်နေတာလေ... "

"ဟင်... "

မမနေခြည့် စကားကြောင့် သူမမျက်နှာလေး မော့လာမိသည် ။ ဒါပေမဲ့ ပါးက ဒဏ်ရာကြောင့် ခေါင်းကတော့ ချာချာလည်နေတော့၏။

"အဲဒါကတော့ ထားလိုက်ပါတော့ မေမေရယ်... အဲဒီထက် ဆိုးတာက ဘာလဲ မေမေသိလား..."

ဒေါ်သန္တာ သူမကို တစ်လှည့် မမနေခြည်ကို တစ်လှည့်ကြည့်ကာ နားမလည် ဖြစ်နေမိတော့သည် ။

"ဘာဖြစ်တာလဲ သမီးရယ်... "

စူးရှစွာဖြင့် သူမဆီသို့ မမနေခြည် အကြည့်တွေက ရောက်လာပြန်တော့သည် ။ ဘယ်ဘဝ ဝဋ်ကြွေးကြောင့်များ ဒီလို မိသားစုမျိုးမှာ သူမ ရှင်သန်ခဲ့ရတာလဲ။

"ကားတစ်စီးရှေ့မှာ ပစ်လဲသွားတာလေ... နောက်ပြီး အဲဒီကားပေါ်က ဘယ်သူတွေ ထင်လို့ လဲ... မေမေ..."

ပြောနေရင်းကနေ မမနေခြည်ရဲ့ မျက်နှာဟာ ဒေါသကြောင့် နီရဲလာ

တော့ပြန်သည် ။

"ကျောင်းက သမီးရဲ့ သူငယ်ချင်း King ဘွဲ့ရထားတဲ့ ကောင်လေးတွေ... သူက အဲလိုဖြစ်သွားတော့ သမီးကို ဘယ်လို ထင်သွားကြမလဲ... "

ဒေါ်သန္တာ နားလည်စွာ ခေါင်းညိတ် လိုက်လေသည် ။ အကြည့်တွေက ဆံပင်တွေ ဖွာလန်ကြဲနေတဲ့ သူမဆီသို့ပဲ ရောက်လာကာ

"အဲကောင်မက အရှက်ကို မရှိဘူး... သမီးကပဲ နားလည် ပေးလိုက်ပါ သမီးရယ်... ဘာပဲဖြစ်ဖြစ် သူ့ပုံစံနဲ့ သမီးပုံစံကို ယှဉ်ကြည့် လိုက်ကတည်းက သူက သမီးရဲ့ အစေခံလို့ သိမှာ ပဲ သမီး ပူမနေနဲ့ ... မေးလာခဲ့ရင်လည်း အဲလိုပဲ ဖြေလိုက်ပေ့ါ သမီးရယ်... "

နေခြည် ကျေနပ်စွာ ခေါင်းညိတ်လိုက်ကာ

"ဟုတ်တယ်... မေမေပြောသလိုပဲ နေခြည်ပြောလိုက်မယ် မေမေ... နေခြည်ထပ်ပြီး အရှက်ကွဲ မခံနိုင်တော့ဘူး... "

"ကဲ... မိကြွေ သွားတော့ လုပ်စရာရှိတာလုပ်... နင့်ကြောင့် ငါ့သမီး အရှက်ကွဲရတာ ငါလည်း လုံးဝ မကျေနပ်ဘူး..."

သူမ ဘာတစ်ခွန်းမှ ပြန်မပြောဘဲ နာနေတဲ့ ပါးလေးကို အသာလေးဖိကာ မြန်မြန် ထွက်လာ လိုက်တော့သည် ။ မြန်မြန်သာ ထွက်မလာရင် နောက်ထပ် အရိုက်ခံနေရဦးမယ်။ ကြွေ... ကြွေ... ဒီမိသားစုကို သေအောင် ကြောက်တယ်။

"ရွှေရည် ပြန်လာတော့မယ်တဲ့ ... "

"ဟင် ဟုတ်လား မေမေ... "

နေခြည်က မျက်နှာပျက်စွာ ပြောလိုက်တော့ ဒေါ်သန္တာ ခေါင်းညိတ်

လိုက်ကာ

"ဒီမှာ ပဲ ကျောင်းဆက်တက် တော့မယ်ပြောတယ်..."

"ဘာလို့ လဲ မေမေ... သူက ဘာလို့ ဒီကို ပြန်လာရတာလဲ... သူ သွားချင်လွန်းလို့ မေမေတို့ က ပိုက်ဆံ အကုန်ခံပြီး ထားပေးခဲ့ရတာ မ ဟုတ်ဘူး လား... အခု ဘယ်လိုလုပ်ပြီး..."

နေခြည် နားမလည်စွာ မေးလိုက်တော့ ဒေါ်သန္တာက ခေါင်းကို ဖြည်း ညင်းစွာ ညိတ်လိုက်ပြီး

"ဟုတ်တယ် သမီး... ဒါပေမဲ့ အခု မေမေတို့ စီးပွားရေးက အဆင်မပြေတော့ ပိုက်ဆံလည်း မပို့နိုင်တော့ဘူး.... အဲဒါကြောင့် ရွှေရ ည်ကလည်း ပြန်လာမယ်ဆိုလို့ ဒီမှာ ပဲ ကျောင်းဆက်တက် ခိုင်းလိုက် တော့မယ်... "

"ဒါဆို နေခြည်က ရွှေရည်နဲ့ ကျောင်းအတူတူ တက်ရမှာ ပေါ့... "

ဒေါ်သန္တာ သမီးကြီးဖြစ်သူ နေခြည်ဦးကို ကြည့်ကာ ခေါင်းကို အသာ ညိတ် လိုက်လေသည် ။ အမွှာမဟုတ်ပေမဲ့ သူမမှာ နေခြည်ဦးနဲ့ ရွှေရည် ဦးဆိုပြီး သမီးမိန်းကလေး နှစ်ယောက်ရှိခဲ့သည် ။ နှစ်ယောက်စလုံး သိ ပ်ချစ်စရာ ကောင်းကြတာ။ ရွှေရည်က စင်ကာပူမှာ ပညာသွားသင်ချင် တယ် ဆိုသဖြင့် ကျေနပ်အောင် ထားပေးခဲ့သည် ။ ရွှေရည်က သွက်သွ က်လက်လက် ထက်ထက်မြက်မြက်ဆိုတော့ ပညာကလည်း တော်သည် ။ အဲဒါကြောင့်ပဲ နိုင်ငံခြား ပညာတော်သင် သွားဖို့ ပညာသင်ဆုကိုလည်း ရရှိခဲ့တာ ဖြစ်သည် ။ ပညာသင်ဆု ရတယ် ဆိုပေမဲ့လည်း အိမ်ကနေ ပြ န်ထောက်ရတာလည်း တော်တော် များ ခဲ့သည် ။ ကုမ္ပဏီရဲ့ အခြေအနေ ကလည်း ကျဆင်းနေတော့ နောက်ပိုင်း ဘယ်လိုမှ အဆင်မပြေတာနဲ့ ချော့မော့ကာ ပြန်ခေါ်လိုက်ရခြင်း ဖြစ်သည် ။

"ဒါဆို ဟိုကောင်မကရော… "

ဒေါ်သန္တာ ကြွေ့ကို သတိရသွားကာ ခေါင်းယမ်းလိုက်ပြီး

"သူလည်း တက္ကသိုလ် တက်ရတော့မှာ ပဲ… မေမေ မသိသေးဘူး သမီးဖေဖေနဲ့ တိုင်ပင်ရဦးမယ်… "

"သူ့ကို ကျောင်းထပ်ထားပေးဖို့ တော့ အစီအစဉ် ရှိတယ်ပေါ့ ဟုတ်လား မေမေ… "

မေမေက သူမကို နားလည်စွာ ကြည့်လိုက်ကာ

"ဘာဖြစ်လို့ လဲ သမီးရယ်… သမီးဖေဖေက ဘာပြောမလဲဆိုတာ မေမေ မသိသေးဘူး…"

နေခြည့်နှုတ်ခမ်းလေး ဆူသွားကာ

"သူ့ကြောင့် သမီးအရှက်ကွဲရတာ… သမီး သူနဲ့ တော့ ကျောင်းအတူတူ မတက်နိုင်ဘူး မေမေ… "

မေမေက နေခြည့်နားသို့ ရောက်လာကာ နေခြည့်ပခုံးကို အသာလေး ဆုပ်ကိုင်လိုက်ပြီး

"ပူမနေပါနဲ့ သမီးရယ်… "

နေခြည် မေမေ့လက်ကို ခွာချလိုက်ပြီး ခုံမှာ ထိုင်လိုက်ကာ

"မပူလို့ မရဘူး မေမေ… သူနဲ့ သမီးနဲ့ က တစ်အိမ်ထဲမှာ အတူတူ နေကြတဲ့ အကြောင်း ကျောင်းက သမီးသူငယ်ချင်းတွေသာ သိရင် သမီး အရှက် ကွဲရဦးမယ်… "

"မေမေ နားလည်ပါတယ်… ဒါပေမဲ့ ကျောင်းဆက် မထားလို့ ကလည်း မဖြစ်ဘူး ထင်တယ်… "

"ဟင် ဘာလို့ လဲ... "

မေမေက နေခြည့်ဘေးမှာ ထိုင်လိုက်ကာ

"သမီးဖေဖေ ရှင်းပြပါလိမ့်မယ်... "

"ဘာလဲ မေမေရာ... အဲဒီကောင်မနဲ့ နေခြည် ကျောင်းအတူတူ မတက်နိုင်ဘူး..."

အသံတွေက တိတ်ဆိတ် သွားပြန်သည် ။

ကြွေ ပန်းကန်တွေ ဆေးနေရင်းကနေ မျက်ရည်တွေ ကျလာခဲ့၏။ ကိုယ့်ဘ၀က သူတို့ လက်ခုပ်ထဲက ရေလို ဖြစ်နေခဲ့ပြီ။ သူတို့ ပြုသမျှနှ သူတို့ ကြည့်မှ အသက်ကို ပုံမှန် ရှူရဲခဲ့ရသည် ။ ဘ၀ဆိုတာ ဘာလဲ ကြွေ သေချာ မသိပါဘူး။ ကြွေသိတဲ့ ဘ၀က အခု ကြွေ ရှင်သန်ရတဲ့ ဘ၀ပဲ။ ဖေဖေမေမေတို့ မရှိတော့တဲ့ အချိန်ကတည်းက ကြွေ့ဘ၀ဟာလည်း ဘယ်လိုမျိုးလဲ ဆိုတာတောင် မသိတော့။

သေဆုံးဖို့ လွယ်သလောက် ရှင်သန်ဖို့ ခက်ခဲတယ်ဆိုတာ ဒါမျိုးကို ပြောတာပဲနေမှာ ။ မျက်ရည်ကျရမှ စားရတဲ့ ထမင်းတစ်လုတ်ကိုလည်း ကြွေ မမက်မောတော့ပါဘူး။ ဖြစ်နိုင်ရင် ကြွေ လူ့ဘ၀ကြီးထဲမှာ မနေချင်တော့ဘူး။ ဖေဖေမေမေတို့ နဲ့ အတူ လိုက်သွားချင်တယ်။ ဘာလို့ များ ကြွေ့ကို တစ်ခါတည်း ခေါ်မသွားရတာလဲ။ ကြွေ မနေချင်ဘူး။ ကြွေသေချင်တာပဲ သိတယ် ဖေဖေနဲ့ မေမေရယ်။

မျက်ရည်တွေက ပန်းကန်ဆေးရည်ထဲသို့ တသွင်သွင် စီးကျနေတော့သည် ။

***

[မထင်မှတ်ဘဲ ရေးလိုက်မိတဲ့ ဇာတ်လမ်းလေး တစ်ပုဒ်ဖြစ်နေတာကြောင့် အရှည်ကြီးလည်း ရေးဖြစ်မှာ မဟုတ်တော့ အများကြီးလည်း မမျှော်လင့်ထားပါဘူး။ သဘောကျ ကျေနပ်ပဲ့မလား။]

***

# အခန်း(၂)

"မောင်မောင်ရယ်... အဲဒါကြောင့် မမပြောတာပေါ့ မလိုက်ခဲ့ပါနဲ့ ဆို ... အခုတော့ ကံကောင်းလို့ မောင်မောင်ရယ်... "

"မမကလည်း ဗျာ ကျွန်တော် ဘာမှ မဖြစ်ပါဘူး... မမ စိတ်ပူရမှာ က ကျွန်တော့်ကို မဟုတ်ဘူး ... အဲဒီ ကောင်မလေးကို ပူရမှာ ... "

မမရဲ့ မျက်နှာက တည်ငြိမ်သွားပြီး တစ်ခုခုကို စဉ်းစားနေသလို ငြိမ်နေလေသည် ။ ကားရှေ့မှာ ပစ်လဲခဲ့တဲ့ ကောင်မလေးကို စဉ်းစားနေတာလား။ သူလည်း သူမပုံရိပ်လေးကို သူ့မျက်လုံးထဲကနေ ဖျောက်လို့ မရခဲ့ပေ။

အိမ်နေရင်း ဝတ်ထားတဲ့ ရင်ဖုံးအင်္ကျီ လက်တိုလေးကို ပန်းနုရောင် ချိတ်လုံချည်လေးနဲ့ တွဲဝတ်ထားတဲ့ သူမပုံစံလေးက တောသူမလေး တစ်ယောက်လို ချစ်စဖွယ် ကောင်းနေ၏။

သူမနဲ့ အတူတူပါလာတဲ့ ကောင်မလေးကိုတော့ ခွင်း မြင်ဖူးသည် ။ သူမက ခွင်းတို့ အခန်းထဲက ကျောင်းသူတစ်ယောက်။

"ဟုတ်တယ် မောင်မောင်... မမ မစဉ်းစားမိဘူး... အဲဒီမိန်းကလေး ဘာဖြစ်သွားသေးလဲ မသိဘူး... သူနဲ့ ပါလာတဲ့ မိန်းကလေးက သူ့ကို အတင်းဆွဲသွားတော့ မမ ဘာမှ တောင် မမေးလိုက်ရဘူး... အဆင်ပြေရဲ့လား မသိဘူး..."

"ဘာမှ တော့ မဖြစ်လောက်ပါဘူး... "

"မမ မောင်မောင့်ကိုပြောသားပဲ... လိုက်မပို့ပါနဲ့ ဆို အထိန်းတော်ကြီးလည်း ပါနေရဲ့ သားနဲ့ ..."

ခွင်း မမကို ကြည့်လိုက်ကာ အင်္ကျီကော်လံကို သေချာ ပြန်ခေါက် လိုက်လေသည် ။ ဝတ်ထားတဲ့ အဝတ်အစား ပုံစံမကျရင် စိတ်ထဲမှာ နေရတာ အဆင်မပြေပေ။ အမြဲလိုလို မြန်မာဆန်ဆန် ဝတ်တတ်တော့ အဝတ်တွေ အားလုံးကလည်း သပ်ရပ်နေ၏။ ခွင်းက အသန့် သိပ်ကြိုက်တာ ။

"မမကိုမှ စိတ်မချတာကို.. "

မမက သနပ်ခါးရောင် ရင်ဖုံးအင်္ကျီ လက်ရှည်နဲ့ ပိုးလုံချည် အနက်ရောင်ကို ကျက်သရေရှိစွာ တွဲဝတ် ထားလေသည် ။ ဆံထုံးက ရွှေဘီးကုတ်ရောင်ထက် မမနားက စိန်နားကပ်ရောင်ကြောင့် မမမျက်နှာဟာ ဝင်းပနေလေသည် ။

"မမက ကလေးမှ မဟုတ်တော့တာ မောင်မောင်ရယ်... "

ခွင်း မမမျက်နှာကို သေချာကြည့်လိုက်ကာ

"ဒါဆို မမ အိမ်ထောင်ပြုလိုက်တော့ဗျာ... ကျွန်တော်ကတော့ မမကို လုံးဝစိတ်မချဘူး... ဒီခေတ် ယောကျာ်းလေးတွေက လွယ်တာ မဟုတ်ဘူး မမရ... "

သွန်း မောင်ဖြစ်သူကို မျက်စောင်းထိုး ကြည့်လိုက်ကာ

"မောင်မောင်နော် ကိုယ့်မမကို ဘာလို့ အဲလောက်တောင် အိမ်ထောင် ပြုစေချင်ရတာလဲ... ဘာလဲ မမချုပ်ချယ်တာကို ကြာတော့ မောင်မောင် ငြီးငွေ့လာတာလား..."

ခွင်း မမစကားတွေကို နားထောင်ပြီး သဘောကျစွာ ရယ်မော လိုက်မိလေသည် ။

"မမရယ်... မဟုတ်ပါဘူး... ကျွန်တော်က မမဆုံးမတာကို အမြဲတမ်း နာခံချင်တဲ့ သူပါ... ဘယ်တော့မှ မငြီးငွေ့ပါဘူး... ကျွန်တော် အခုလိုပြောတာကလည်း မမကို စိတ်မချတာကြောင့်ပါ... "

"ခုခေတ် ယောက်ျားလေးတွေက လွယ်တာ မဟုတ်ဘူး ဆိုတော့ မောင်မောင် ကျောင်းကနေ ဘာအတတ်တွေများ တတ်လာတာလဲ... သူတို့ တတ်ထားတာတွေက မကောင်းတဲ့ အတတ်တွေလား... မောင်မောင်ရော သူတို့ တတ်ထားတာတွေ တတ်နေပြီလား..."

ခွင်း မမကိုကြည့်ကာ ခေါင်းယမ်းလိုက်ပြီး

"မတတ်ပါဘူး မမရယ်... ကျွန်တော့်မှာ သူငယ်ချင်းဖြင့် များများစားစားမှ မရှိတာကို... နောက်ဆို မမဈေးဝယ် မထွက်ပါနဲ့ ဗျာ..."

"မောင်မောင်က မမကို အိမ်ထဲကနေ အိမ်ပြင်တောင် မထွက်စေချင်တော့ဘူးလား..."

"ဖြစ်နိုင်ရင် မမကို ပပဝတီလိုမျိုး ခုနှစ်ဆောင်နန်းနဲ့ ထားချင်တာ... "

ခွင်းစကားကြောင့် မမက သွားတက်ကလေးပေါ်အောင် ရယ် လိုက်လေသည် ။ မမနဲ့ ခွင်းမှာ တူညီတာက သွားတက်ကလေးတွေပဲ ဖြစ်သည် ။ ခွင်းတို့ မောင်နှမ နှစ်ယောက်လုံးမှာ သွားတက်ကလေးတွေ ပါကြ၏။

"မမရာ ကျွန်တော့်ကို ဝေ့လည်ကြောင်ပတ် မလုပ်ပါနဲ့ ... စံအိမ်တော်မှာ အဝယ်တော်တွေလည်း ရှိနေတာပဲ နောက်ဆို မမ မသွားပါနဲ့ ..

. မမသွားရင် ကျွန်တော်လည်း လိုက်မှာ ပဲ..."

သွန်း မောင်မောင့်ခေါင်းကို လက်နဲ့ အသာလေး ပုတ်လိုက်ကာ

"မောင်မောင်နော် အခုထိ ကလေးဆန်နေတုန်းပဲ... မောင်မောင့် အသက်က မငယ်တော့ဘူးလေ... "

ခွင်း ပြုံးလိုက်ကာ မမမျက်နှာကို ကြည့်လိုက်ပြီး

"ကျွန်တော် မငယ်တော့ဘူး ဆိုရင်လည်း မမအိမ်ထောင် မပြုမချင်း ကျွန်တော်လည်း မပြုဘူး..."

မမက သက်ပြင်းတစ်ခုကို မသိမသာ ချ လိုက်လေသည် ။ ခွင်းသိပေမဲ့ ဘာမှ မပြောမိ။

"ကဲ မမတို့ မောင်မောင်တို့ ရေ နေ့လယ်စာ စားဖို့ အသင့်ဖြစ်နေပါပြီ ..."

ခွင်း မီးဖိုဆောင်ထဲကနေ ထွက် လာပြီး ပြောတဲ့ ဒေါ်လေးရွှေကို ကြည့်လိုက်ကာ

"ဟုတ်ကဲ့ ဒေါ်လေးရွှေ ကျွန်တော်တို့ လာခဲ့ပါ့မယ်..."

"ကောင်းပါပြီကွယ်... "

ဒေါ်လေးရွှေ မီးဖိုဆောင်ထဲသို့ ပြန်ဝင်သွား၏။

"မမ ကျွန်တော်တို့ ထမင်းသွားစားရအောင်... "

"အင်း မောင်မောင် သွားရအောင် ..."

ခွင်းတို့ မောင်နှမနှစ်ယောက် မီးဖိုဆောင်ထဲသို့ အတူတူ ဝင်သွားကြလေသည် ။ မောင်နှမနှစ်ယောက် တစ်ယောက်နဲ့ တစ်ယောက် သိပ်ချစ်ကြတာ။ အငယ်ကလည်း အကြီးကို လေးစား ရိုသေသလို

အကြီးကလည်း အငယ်အပေါ်မှာ ညှာတာ နားလည်လေသည် ။ မောင်နှမနှစ်ယောက် အသက်သုံးနှစ်ထဲသာ ကွာပေမဲ့ သားအမိလို သိပ်ချစ်ကြသည် ။

"ရွှေခွင်းရတနာ"ဆိုတဲ့ စံအိမ်မှာ သွန်းမိုးရတနာနဲ့ ခွင်းမဏ္ဍိုင်ဆိုပြီး မောင်နှမ နှစ်ယောက်ရှိကြသည် ။ မိဘနှစ်ပါးကတော့ နိုင်ငံခြား ထွက်သွားတာက မကြာသေး။ စံအိမ်တော် နာမည်နဲ့ ပဲ ကုမ္ပဏီတွေကို ထူထောင်ထားခဲ့သည် ။ မိဘနှစ်ပါးက စီးပွားရေးကို အားစိုက်ပြီး လုပ်ကြပေမဲ့ သားသမီး နှစ်ယောက်ကိုလည်း လျစ်လျူရှုခြင်း မပြုဘဲ ဂရုစိုက်ခဲ့သည် ။ နိုင်ငံခြားမှာ ရှိတဲ့ ဖက်စပ် ကုမ္ပဏီတွေကြောင့်သာ နိုင်ငံခြားကို ခဏခဏရောက်ပေမဲ့ သားနဲ့ သမီးကိုတော့ နိုင်ငံခြားသို့ တစ်ခါမှ မခေါ်ခဲ့ကြ။ သားသမီး နှစ်ယောက်ကလည်း လိုက်ချင်တဲ့ အကြောင်း တစ်ခါမှ မပြောခဲ့ပေ။ မောင်နှမနှစ်ယောက် ငယ်ငယ်ကတည်းက တစ်ခါမှ မခွဲဖူးခဲ့။ မိဘတွေနဲ့ ခွဲပြီးနေနိုင်ပေမဲ့ မောင်နှမ နှစ်ယောက်ကတော့ မခွဲနိုင်ကြပေ။ အဲဒီလို ချစ်ကြတာ။

***

သူမ အခန်းလေးထဲကနေ ပြတင်းပေါက်ကိုကျော်ပြီး ခြံထဲကို လှမ်းကြည့်လိုက်မိ၏။ စာကလေးနှစ်ကောင် တရုတ်စကားပန်းပင်လေးပေါ်မှာ နားနေကြ၏။ ကြွေ ငှက်ကလေးတွေကို ကြည့်ကာ ပြုံးလိုက်မိလေသည် ။ လွတ်လပ်လိုက်တာနော်။

"မိကြွေ လာခဲ့ဦး..."

ကြွေ တွန့်ခနဲ ဖြစ်သွားကာ တံခါးပေါက်ကို မြန်မြန်ပိတ်ပြီး အခန်းထဲက မြန်မြန် ထွက် လိုက်လေသည် ။ မမနေခြည်က ခေါ်ရင် ချက်ချင်း

ရောက်လာမှ ကြိုက်သည် ။ တစ်ခုခုလုပ်လို့ နောက်ကျနေရင်တောင်မှ မကြိုက်တတ်။ သူ့အခန်းထဲကနေ လှမ်းခေါ်နေတာဆိုတော့ ဘယ်လောက်တောင်မှ အရေးကြီးလို့ လဲ မသိ။ မမနေခြည်က သူ့အခန်းထဲကို ခေါ်လေ့မရှိ။ ကြွေ တစ်ခါနှစ်ခါသာ ရောက်ဖူးသည် ။ မမနေခြည်အခန်းက အကျယ်ကြီးနဲ့ နေချင်စရာလေး။ ပစ္စည်းတွေလည်း အစုံရှိသည် ။

"ဒေါက်...ဒေါက်... "

ကြွေ တံခါးကို အသာလေး ခေါက်လိုက်၏။

"ဝင်ခဲ့..."

ကြွေဝင်လိုက်တော့ မမနေခြည်က လက်ထဲက အဝတ်တွေကို ပစ်ပေးလိုက်သည် ။ ကြွေ ကမန်းကတန်းလေး ဖမ်းယူလိုက်မိ၏။

"အခုချက်ချင်း မီးပူတိုက်ပေး..."

"ဟုတ်ကဲ့ မမနေခြည်..."

"အခုချက်ချင်းနော် တခြားဟာတွေ လုပ်မနေနဲ့ ... ခဏနေ လေယာဉ်ကွင်း သွားပြီး ရွှေရည့်ကို သွားကြိုမှာ ..."

"ရှင် မမရွှေရည် ပြန် လာပြီလား... "

ကြွေ မျက်လုံးလေး ပြူးသွားကာ မေးလိုက်တော့ နေခြည် မျက်စောင်းထိုးလိုက်ပြီး

"အဲဒီတော့ ဘာဖြစ်လဲ... "

ကြွေ ဝမ်းသာအားရ ဖြစ်သွားပေမဲ့ ချက်ချင်းပဲ မျက်နှာကို တည်လိုက်ကာ

"မဟုတ်ပါဘူးမမ...မမရွှေရည်ကို မတွေ့တာ ကြာနေလို့ ပါ..."

ရေချိုးပြီးကာစ မမနေခြည်ရဲ့ မျက်နှာက ကြည်လင် ရှင်းသန့်နေလေသည် ။ ဒါပေမဲ့ ကြွေ့ကို ကြည့်ကာ မျက်နှာကို တင်းလိုက်ပြီး

"ဘာလဲ...နင်က ရွှေရည့်ကို အားကိုးရှာမလို့ လား... လုပ်ကြည့် လိုက်လေ င့ါအကြောင်း သိသွားမယ်..."

ကြွေ ခေါင်းလေးကို ကမန်းကတန်း ရမ်းလိုက်ကာ

"မဟုတ်ပါဘူး မမနေခြည်ရယ်...ကြွေလေ ကြွေ... "

"တော် ဘာမှ မပြောနဲ့ ...ငါ ခိုင်းတာ သွားလုပ် တော်တော် စကားများ တယ်..."

"ဟုတ်... ဟုတ်ကဲ့ မမ..."

ကြွေ အဝတ်လေးတွေကို ခပ်တင်းတင်းလေး ကိုင်လိုက်ကာ မမနေခြည် အခန်းထဲကနေ ထွက်လာလိုက်မိသည် ။ မမနေခြည်နဲ့ မမရွှေရည်က ညီအစ်မတွေ ဆိုပေမဲ့ စိတ်ဓာတ်ချင်းကတော့ သိပ်မတူ။ မမနေခြည်ထက် မမရွှေရည်က ကြွေ့အပေါ်မှာ နားလည်မှု ရှိတယ်လို့ ကြွေထင်မိသည် ။ မမရွှေရည်နဲ့ မတွေ့ရတာ ခုနှစ်နှစ်လောက်တောင် ရှိနေပြီပဲ။

သူများ တွေဘဝ တိုးတက် ပြောင်းလဲသွားပေမဲ့ ကြွေ့ဘဝကတော့ ဒီအတိုင်းပင်။ တစ်နေ့ ထမင်းသုံးနပ် မပြောနဲ့ နှစ်နပ်ကိုတောင်မှ စားဖို့ အနိုင်နိုင်။ တစ်ခါတလေ သူတို့ စားလို့ ကုန်သွားရင် ကြွေ့မှာ ဘာမှ မစားဘဲ အိပ်ခဲ့ရသည် ။ နင်စားပြီးပြီထင်လို့ လေ ဆိုတဲ့ စကားလုံးတွေကို နာကျင်စွာ ခေါင်းညိတ်လိုက်ပြီး ဗိုက်ထဲမှာ တဂွီဂွီမြည်နေတာကို ကြိတ်မှိတ် ခံစားကာ ညတော်တော်များများကို ဖြတ်ကျော်ခဲ့ရသည် ။

အကြွေပန်းဆိုတဲ့ ကြွေ့ဘဝထက် စာရင် လမ်းဘေးမှာ ကြွေနေတဲ့

အကြွေပန်း ခရေလေးတွေကမှ ပျော်ရွှင်စရာ ကောင်းလိမ့်ဦးမယ်။ ဖေဖေမေမေတို့ က ဘာလို့ များ ကြွေ့နာမည်ကို အကြွေပန်းလို့ ပေးခဲ့မှန်း ကြွေနားမလည်ခဲ့။ အခုတော့ ကြွေ့ဘဝက သူများ ခြေထောက်အောက်က အကြွေပန်း ဘဝကဲ့သို့ပင်။ သူများ ခြေထောက်ဆိုလို့ မော့ကြည့်လိုက်မိတော့ ရင်နာစရာ ကောင်းလောက်အောင် အဲဒီလူတွေက ကိုယ့်ဆွေမျိုးတွေ ဖြစ်နေခဲ့တာပဲ။

***

[သဘောကျကျေနပ်မယ်ထင်ပါတယ်။ ဆူးကိုလည်း တင်ပေးမယ်နော်။]

***

# အခန်း(၃)

"ကျောင်းဆက်မထားပေးရင် ပတ်ဝန်းကျင်က ဘယ်လိုပြောကြမလဲ ဆယ်တန်းကို ရိုးရိုးပဲအောင်လို့ ကျောင်းဆက် မထားပေးတာဆိုရင် တစ်မျိုးပေ့ါ... အခုက ဂုဏ်ထူးကို ငါးဘာသာပါထားတာ..."

"ဖေဖေကလည်း နေခြည် သူနဲ့ ကျောင်းအတူတူ မတက်နိုင်ဘူး... သူက နေခြည်တို့ အိမ်မှာ အစေခံပဲ..."

"နေခြည်..."

ဦးနေကျော် သမီးဖြစ်သူကို အော်လိုက်တော့ နေခြည် ငြိမ်သွားကာ

"ဖေဖေ... သူ့ကို အဝေးသင်ပဲ တက်ခိုင်းလိုက်ပါလား..."

အဖေဖြစ်သူရဲ့ စိတ်ကို နေခြည်သိတော့ ဇွတ်အတင်းကြီး မပြောရဲတော့ပေ။

ဦးနေကျော် ခေါင်းယမ်းလိုက်ကာ

"မဖြစ်ဘူး သမီး... ကြွေ့ကို သမီးတို့ နဲ့ အတူတူ တက်ခိုင်းမှ ဖြစ်မှာ . .."

"ဘာဖြစ်လို့ လဲ ကိုကျော်... သမီးပြောသလို အဝေးသင်နဲ့ ဘွဲ့တစ်ခု ရအောင် လုပ်ပေးလိုက်ရင်ရော ဘာဖြစ်သွားမှာ မို့လို့ လဲ... ဘွဲ့ရသွားရင်ရော သူက အိမ်ထဲက အိမ်ပြင် ထွက်ရမှာ မှ မဟုတ်တာ..."

ဦးနေကျော် မိန်းမဖြစ်သူ ဒေါ်သန္တာ့ကို စိတ်တိုစွာ ကြည့်လိုက်ပြီး

"သူကလူကွ… ငါတို့ အမြဲတမ်း ပိတ်လှောင်ထားရအောင် ယုန်ကလေး ငှက်ကလေးတွေလိုမျိုး သတ္တဝါ မဟုတ်ဘူး …"

ဦးနေကျော့် စကားကြောင့် ဒေါ်သန္တာ မျက်နှာကြီး မဲ့သွားကာ ဦးနေကျော်ကို မျက်စောင်း ထိုး လိုက်လေသည်။

"အဲဒီတော့ တော်က မိကြွေကို နေခြည်တို့ နဲ့ အတူတူ တက္ကသိုလ် တက်ခိုင်းမယ်ဆိုတဲ့ သဘောလား…"

"ဟုတ်တယ် တက်ခိုင်းရမယ်…"

"သန္တာ သဘောမတူဘူး ကိုကျော်…"

ဦးနေကျော် ဒေါသထွက်သွားကာ မတ်တတ်ရပ်လိုက်ပြီး

"ဘာလဲ… အဲဒါနဲ့ ပဲ ငါက သူ့ကို တက္ကသိုလ် မတက်ခိုင်း ရတော့ဘူး ပေါ့ ဟုတ်လား…"

ဒေါ်သန္တာနဲ့ နေခြည် ပြိုင်တူခေါင်းညိတ်လိုက်ကာ

"ဟုတ်တယ်… ကိုကျော်…."

"အေး… မင်းတို့ သားအမိ သူ့ကို ကြပ်ကြပ် နှိပ်စက်ထားကြ… နောက်မှ ငါတို့ တစ်မိသားစုလုံး ခွေးဖြစ်ရင် မင်းတို့ တွေ အခုလို လုပ်ခဲ့တာတွေကို မမေ့ထားနဲ့ ပေါ့ကွာ…"

"ဟင်…"

"ကိုကျော်ပြောတာ ဘာအဓိပ္ပာယ်လဲ… "

နေခြည်နဲ့ မေမေ ဖေဖေ့စကားကြောင့် အံ့ဩသွားကြကာ မေးလိုက်ကြလေသည်။ ဖေဖေကတော့ မတ်တတ် ရပ်ရင်းကနေ ခါးပါ

ထောက်လိုက်ပြီး

"နိုင်ငံခြားက သူ့မိဘတွေ..."

"ဟင် ဘာလို့ လဲ... ပြန်လာကြတော့မှာ တဲ့ လား..."

ဒေါ်သန္တာ လန့်ဖျပ်သွားကာ မေးလိုက်မိ၏။

"သူ့ကို မေးနေကြတာ..."

"ဟင် မိကြွေ မိဘတွေက သေသွားပြီဆို... ဖေဖေ..."

ဖေဖေက နေခြည့်ကို ကြည့်ကာ ခုံမှာ ဝင်ထိုင်လိုက်ပြီး ခေါင်းကို လေးပင်စွာ ညိတ်ပြ လိုက်လေသည်။

"ဟုတ်တယ် သမီး... ကြွေ့မိဘ အရင်းတွေက သေသွားခဲ့တာ ကြာပြီ ... အခု နိုင်ငံခြားက သူ့မိဘတွေဆိုတာက သူ့ရဲ့ မွေးစားမိဘတွေ..."

"မွေးစားမိဘ..."

နေခြည် အံ့သြတကြီး ဖေဖေ့စကားကို သံယောင် လိုက်ပြောလိုက်မိ၏။

"ဟုတ်တယ်... မွေးစား မိဘဆိုပေမဲ့ သူနဲ့ ဆွေမျိုးကင်းတဲ့ သူတွေ မဟုတ်ဘူး ... သူ့အဒေါ်တို့ လင်မယားပဲ..."

"ဘယ်လို..."

နေခြည်သာ အံ့သြတကြီးပြောနေမိတာ ဖေဖေကတော့ တည်ငြိမ်နေလေသည်။ မေမေက ဖေဖေ့လို မဟုတ်ဘဲ တစ်စုံတစ်ခုကို မကျေနပ်သလို မျက်နှာက တင်းမာနေသည်။

"ဘာမွေးစား မိဘလဲ ကိုကျော်ရယ်... ဘယ်တုန်းကများ မြန်မာပြည် ပြန်လာခဲ့လို့ လဲ... မိကြွေကို တစ်ခါမှ လာကြည့်ဖူးလို့ လား... ဟွန့်..."

"အေး ဟုတ်တယ်... သူတို့ တွေ မြန်မာပြည်ကို တစ်ခါမှ ပြန်မလာခဲ့ဘူး... အဲဒါဘာလို့ လဲ သိလား..."

ဖေဖေက မေးလိုက်တော့ မေမေက ဖေဖေ့ကို အံ့သြသလို ကြည့်ကာ

"ဘာဖြစ်ရမှာ လဲ အဲဒါ မိကြွေကို ဂရုမစိုက်ချင်လို့ ပေါ့... "

"ဟုတ်နေပါဦးမယ်... သူ့အဒေါ်က သူ့ကို အသေချစ်တာ... လာမကြည့်ဘူး ဆိုတာလည်း ငါတို့ မိသားစုကို ယုံကြည်လို့ ပဲ... မင်းတို့ အခုလို လုပ်နေတာတွေသာ သိလို့ ကတော့ တစ်မိသားစုလုံး အိမ်ပေါ်ကနေ ခေါင်းနဲ့ ဆင်းရလိမ့်မယ်..."

"အို ဖေဖေကလည်း ... ဒါနေခြည်တို့ အိမ်ပဲကို ဘာကိစ္စ ဆင်းပေးရမှာ လဲ..."

"ဘာ ဒါ ဘယ်သူ့အိမ် နေခြည်..."

ဖေဖေက နေခြည်ပြောတာကို မျက်မှောင်ကြုတ်ကာ အလန့်တကြား ပြန်မေးနေတော့ နေခြည် ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွားမိလေသည် ။

"တော်ကလည်း သမီးကို ဘာလို့ အဲလောက်ထိ အော်နေရတာလဲ..."

"မင်းရဲ့ သမီးပြောတာကို မင်းမကြားဘူးလား သန္တာ..."

"သမီးက မသိလို့ ပါ ကိုကျော်ရယ်... အဲဒီအချိန်တုန်းက သမီးက ကလေးပဲ ရှိသေးတာကို ရှင်မမှတ်မိဘူးလား..."

ဖေဖေက ဘာမှ ပြန်မပြောတော့ပေ။ ဒါဆို ဒီကိစ္စတွေက ကြာခဲ့ပြီပေါ့။

"သူ့မိဘတွေက ငါ့ကို ဖုန်းဆက်တယ်..."

"ဘာပြောတာလဲ..."

"သူ့ကို နိုင်ငံခြားမှာ သူတို့ နဲ့ အတူတူထားတော့မယ်တဲ့ ..."

"ဘာဖြစ်လို့ လဲ... သမီးတို့ သူ့ကို နှိပ်စက်တာတွေ သိသွားကြလို့ လား..."

"အဲဒါတော့ မသိဘူး... သိရင်လည်း သိမှာ ပဲ..."

"ဟင် ဘယ်သူပြောတာလဲ..."

နေခြည့်ခေါင်းထဲမှာ ဘယ်သူ့ကိုမှ မစဉ်းစားမိခဲ့ပေ။

"အေး... သူသာ ပါသွားခဲ့ရင် ငါတို့ လည်း လမ်းဘေးရောက်ပြီ ဆို တာကို နင်တို့ သိထားကြ..."

ဖေဖေက နေခြည်နဲ့ မေမေ့ကို ကြိမ်းဝါးသလို ပြောနေလေသည် ။

"ဒီကိစ္စတွေကို မိကြွေရော သိလား ဖေဖေ..."

"ဘယ်လိုလုပ်ပြီး သိမှာ လဲ သမီးရဲ့ ... သမီးတို့ တောင် ငယ်ငယ် လေး ရှိသေးတာ... မိကြွေက သမီးတို့ ထက် ငယ်တယ်လေ..."

နေခြည် တစ်ခုခုကို တွေးမိသွားကာ ပြုံးလိုက်ပြီး

"အဲဒါဆို မိကြွေကို ဘာမှ ပြောပြမနေနဲ့ တော့ ဖေဖေ... သူ့မိဘတွေ လာရင်လည်း ဘာမှ မတော်ဘူးလို့ သာ ပြောလိုက်..."

"မိနေခြည် ညည်း ဘာတွေပြောနေတာလဲ... သူတို့ ကို အေတွေများ ထင်နေတာလား... သူ့ကို ကျောင်းထားဖို့ အတွက်လည်း သူတို့ ပဲ ပိုက် ဆံတွေ ပို့ပေးထားတာ..."

"အဲဒီပိုက်ဆံတွေက ဘယ်မှာ လဲ ကိုကျော်..."

ဦးနေကျော် မိန်းမဖြစ်သူကို ကြည့်လိုက်ကာ

"ကုမ္ပဏီထဲ ထည့်ထားတယ်..."

"ကြွေ့ကို တက္ကသိုလ် ထားပေးလိုက်ပါ..."

"ဟင်..."

ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိတဲ့ ရွှေရည့်အသံကြောင့် သူတို့ တွေ အံ့ဩ သွားကြလေသည် ။ လှည့်ကြည့်လိုက်တော့ ရွှေရည်က အိမ်ပေါက်ဝက တံခါးကိုမှီကာ မတ်တတ်ရပ်ပြီး အိမ်ထဲကို လှမ်းကြည့်နေ၏။ ရွှေရည့်ပုံစံက နိုင်ငံခြားမှာ အနေများ လို့ လား မသိ။ ဝတ်ပုံစားပုံက နည်းနည်းတော့ ဟော့နေလေသည် ။ အင်္ကျီလက်ပြတ်ကို လည်ပင်းမှာ မာဖလာအပါးလေးနဲ့ ပတ်ထားကာ ဘောင်းဘီအရှည် အကျပ်လေးနဲ့ တွဲဝတ်ထားသည် ။ ဆံပင်ကလည်း တိုတိုလေးကိုမှ ငွေရောင်ပေါ် အနက်ဖောက်ကာ ဆိုးထားသေးသည် ။ မြန်မာပြည် ပြန်လာရတာ ရွှေရည်အရမ်းကို ပျော်နေပုံပင်။

"သမီး ရွှေရည် လာခဲ့လေကွယ်... ဘာလုပ်နေတာလဲ..."

ရွှေရည်က ပြုံးကာ အထဲသို့ ဝင် လာလေသည် ။

"အပြင်မှာ မိကြွေကို တွေ့ခဲ့လား ရွှေရည်... "

ရွှေရည် ခေါင်းညိတ်လိုက်ပြီး

"အပြင်မှာ ပန်းပင်တွေ ရေလောင်းခိုင်းထားတာမို့လား..."

"ဟုတ်တယ်... "

ရွှေရည် ဖေဖေ့နားမှာ ဝင်ထိုင်လိုက်ကာ

"ကြွေ့ကို ကျောင်းထားပေးလိုက်ပါ... ရွှေရည် ကြွေနဲ့ ကျောင်းအတူတူ တက်မယ် ဒယ်ဒီနဲ့ မာမီ..."

ဦးနေကျော်နဲ့ ဒေါ်သန္တာ ငြိမ်သွားကြကာ ရွှေရည့်ကို ကြည့်လိုက်ကြလေသည် ။

"သူ့ကို ကျောင်းမထားပေးလို့ မရဘူးဆိုတာ အားလုံးသိနေတာပဲ… မမနေခြည်က ဘာလို့ နားမလည်ရတာလဲ…"

ရွှေရည့်စကားကြောင့် နေခြည် စိတ်တိုသွားကာ

"ရွှေရည်… ငါက နင့်ထက်အကြီး… နင် ငါ့ကိုအဲလိုပြောစရာမလိုဘူး…"

"ရွှေရည်သာ ဝင်မပြောလို့ ကြွေ့အပေါ်မှာ မမအခုလိုမျိုးထပ်ပြီး နှိပ်စက်နေဦးမယ်ဆိုရင် မမရဲ့ အနာဂတ်က လှပမှာ မဟုတ်ဘူး မမ… မမလည်း သိမှာ ပါ… ကြွေက ဒယ်ဒီ့ကို သူ့ဦးလေးအရင်းလို့ ပဲ သိထားတာ… တကယ်တော့ ဘာမှ မှ မတော်တာ… ကြွေ့မိဘတွေ လက်ထပ်ကတည်းက ဒယ်ဒီက ကြွေတို့ အိမ်က ဒရိုင်ဘာပဲလေ… မဟုတ်ဘူး လား…"

ရွှေရည့် စကားတွေက ကိုယ့်မိသားစုကို အကောင်းပြောသလိုလို မိကြွေကိုပဲ အကောင်းပြောနေသလိုလိုနဲ့ အမှန်တရားကို ဖော်ထုတ် နေလေသည် ။ ဒီအမှန်တရားကိုတော့ နေခြည် လက်မခံနိုင်ဘူး မုန်းတယ်။ အဲဒါဟာ အမှန်တရား မဟုတ်ဘူး ။

"ကဲပါ သမီးတို့ ရယ်… စကားမများ ပါနဲ့ တော့…"

"ဟုတ်တယ်သန္တာ… သမီးငယ် ပြောတာမှန်တယ်… ကြွေ့ကို ကျောင်းထားပေးမယ်…"

မေမေနဲ့ နေခြည်က မကျေနပ်ပေမဲ့ ငြိမ်နေကြလေသည် ။

"မမနေခြည် ကြွေ ပန်းပင်တွေ ရေလောင်းပြီးပါပြီ…"

ကြွေဝင်လာတော့ နေခြည်နဲ့ ဒေါ်သန္တာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြပြီး

"အေး... ပြီးရင် ထမင်းဟင်းသွားချက်..."

"ဟုတ်..."

ကြွေ မီးဖိုထဲ ဝင်သွားတာကို ကြည့်ကာ ရွှေရည် မသိမသာ သက်ပြင်း ချလိုက်မိ၏။ တကယ်တော့ ကြွေနဲ့ ရွှေရည်က ရွယ်တူတွေ ဖြစ်သည် ။ ရွှေရည်က နည်းနည်းပဲ ကြီး၏။ ရွှေရည် ကြွေ့ကို တစ်ခါတလေ သနားမိသည် ။ ကြွေက ဘာဆို ဘာကိုမှ မသိ။ ကျောင်းတက်တုန်းကလည်း ကျောင်းနဲ့ အိမ်က သိပ်မဝေးတော့ ဘယ်မှ သွားရတယ်မရှိ။ အိမ်ကို အမြန်ပြန် လာပြီး အိမ်အလုပ်တွေ အကုန် လုပ်ရသည် ။ အခု ဆယ်တန်း အောင်ပြီး သွားပေမဲ့လည်း သင်ခဲ့တဲ့ ကျောင်းစာတွေကလွဲပြီး ဘာကိုမှ မသိ။ ကြွေ့အကြောင်း တွေးကာ ရွှေရည် ရင်တော့ မောမိသည် ။ ဒါပေမဲ့ သူလည်း ဘာမှ မလုပ်နိုင်ခဲ့။ မမနေခြည်က သိပ်မောက်မာပြီး အတ္တသိပ်ကြီးတာ။

***

[သဘောကျကျေနပ်မယ်ထင်ပါတယ်။]

***